


ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

# ဝေးလွင့်ခဲ့ပြီ

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ပေးလွင့်လိုက်မှ

ဝင်းဝင်းမြင့်
(နန်းတော်ရှေ့)

designedbyzanyehtut

2542979031329

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၁ ခုနှစ်။

ထုတ်ဝေသူ - ဦးမင်းထက်ဟန် (၀၂၇၇၄)

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
ဦးအောင်ဇော်ထွန်း၊ အမှတ် (၈)၊
အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်။

မျက်နှာဖုံး - ချာန်ရဲထွဋ်

အတွင်းအပြင်အဆင် - ပုံရိပ်ရှင်

စာအုပ်ချုပ် - ဖူးပွင့်မွှေး

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၅၀၀ ကျပ်

၀၀၈.၈၄
ဝင်းဝင်းမြင့်(နန်းတော်ရှေ့)
ဆေးလွှင့်လိပ်ပြာ၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊
- ရန်ကုန်။
ဇေယျာစာပေတိုက်၊ ၂၀၂၁။
စာ-၁၀၂၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) ဆေးလွှင့်လိပ်ပြာ


mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | | |
|---|---|---|
| * | ဝေးလွင့်ခဲ့သော လိပ်ပြာ | ၇ |
| ၁။ | ရင်ခွင်မဲ့လိပ်ပြာ | ၁၃ |
| ၂။ | ဝေးလွင့်လိပ်ပြာ | ၆၅ |
| ၃။ | တောင်ပံမဲ့လိပ်ပြာ | ၇၅ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ဝေးလွင့်ခဲ့သော လိပ်ပြာ

မမျှော်လင့်ဘဲ လိပ်ပြာကလေး ကျွန်မထံသို့ ပြန်ရောက်လာခဲ့သည်ဟု ခံစားမိပါသည်။ ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့သော ၁၉၉၈ ခုနှစ်က ဆိုတော့...။

ပြင်သစ်ဆရာဝန်များအသင်းက ကြီးမှူးကျင်းပသော စာပေပြိုင်ပွဲတခု။ တပုဒ်ချင်း ဖတ်လျှင်လည်း ဝတ္ထုတို ဖြစ်ရမည်။ ဝတ္ထု



mgyoe.com

mgyoe.com
SAMPLE BOOK


ကလည်း သုံးပုဒ်ဖြစ်ရမည်။ ထိုသုံးပုဒ်ကို ဆက်ဖတ်လျှင် ဝတ္ထုတပုဒ် လည်း ဖြစ်ရဦးမည်တဲ့။ ပြီးတော့ HIV ရောဂါနှင့် ပတ်သက်သော အကြောင်းအရာလည်း ဖြစ်ရမည်။ ပြိုင်ပွဲပိတ်ရက်ကတော့ တော်တော် လေး ရက်ဝေးပါသည်။

ကျွန်မ၏ စိတ်ကို ဆွဲဆောင်နိုင်ဆုံးက တပုဒ်ချင်းဖတ်လျှင် ဝတ္ထုတပုဒ် ဖြစ်ပြီး တဆက်တည်း ဖတ်လျှင်လည်း ဝတ္ထု ဖြစ်ရမည် ဆိုသည့် စိန်ခေါ်မှုဖြစ်ပါသည်။ ရေးစမ်းကြည့်ချင်မိသည်။ သို့သော်လည်း ကျွန်မမှာ HIVရောဂါနှင့် ပတ်သက်၍ ဘာဗဟုသုတမှ သိပ်မရှိသေး။ သာမန်မျှသာ သိသူ။ ထုံးစံအတိုင်း စာတွေ ဖတ်ရပါသည်။ အထူး သဖြင့် မာမီကြီး ဒေါ်မြင့်မြင့်ခင်၏ 'လူတိုင်းအတွက် ထိုးတဲ့ခေါင်းလောင်း' စာအုပ်ကို ဖတ်ပြီးသော် ပထမဦးစွာ ဝတ္ထုကို ရေးသင့်သည်ဟု ယူဆ ပါသည်။ နောက်တအုပ်က ဆရာမြသန်းတင့်၏ 'အချစ် မိုးကောင်း ကင်'။ ရေးတော့မည်ဟု ဆုံးဖြတ်ပါသည်။

ဇာတ်လမ်း စပါတော့မည် ဆိုမှ ကျွန်မ မသိတာတွေ များမှ များ။ မောင်နှမရင်းချာကဲ့သို့ ခင်မင်သော ဆရာဝန် ဒေါက်တာ စောလှခိုင်က ကျွန်မ သိလိုသမျှကို သေချာစွာ ရှင်းလင်းပြောပြပါသည်။ ဆရာ၏ ကူညီမှုက အံ့မခန်းပါ။ တချို့သော စကားလုံးများက ကျွန်မ မကြားဖူးစရာများဟု ယူဆလျှင် ဆရာ၏ ဇနီးမှတဆင့် ပြောပြသည် အထိ။ ဆရာ့ဇနီး ညီမသန်းသန်းကလည်း စိတ်ရှည်လက်ရှည်ကို


mgyoe.com

mgyoe.com
SAMPLE BOOK


ရှင်းပြသည်။ ဗဟိုအမျိုးသမီးဆေးရုံကိုလည်း လိုက်ပို့ပေးသည်။ ကျွန်မမှာ အိမ်ထောင်ရေးနှင့် ပတ်သက်သော ဗဟုသုတများကို ညီမငယ် သန်းသန်းမှ တဆင့် ကြားနာမှတ်သားနာယူရင်း ဇာတ်ကို ပျိုးခဲ့ရပါသည်။

ထိုအချိန်မှာ ကျွန်မတို့ မြန်မာဝတ္ထုများကို ဂျပန်ဘာသာသို့ ပြန်ပေးသော ဂျပန်ပါမောက္ခ၊ မြန်မာအမည် မပန်းခက်က မြန်မာနိုင်ငံသို့ ရောက်လာခဲ့ပါသည်။ ကျွန်မ၏ ဝတ္ထုများကို ဘာသာပြန်ရင်း၊ စကားပြောရင်း သူ၏ မြစ်ကြီးနားခရီးစဉ်ကို လိုက်ပါခဲ့ပြန်တော့ မြစ်ကြီးနားမှ ဥတ္တရလမင်းအဖွဲ့ အန်ကယ်ဦးသန်းဆွေတို့၏ ကျေးဇူးကြောင့် HIVနှင့် ပတ်သက်သည်များကို ပို၍ သိနားလည်ခဲ့ရပြန်ပါသည်။ ကျွန်မ စာရေးပြီဆို အရပ်ကူပါ လူပိုင်းပါဟု ပြောရလောက်အောင် ကျွန်မက ပြင်ပဗဟုသုတ အားနည်းလှသူပါ။ သို့သော်လည်း စေတနာထားသူ တို့၏ ကျေးဇူးတော်ကြောင့် အဆင်ပြေပြေ ဖြစ်ရသည်ကလည်း ဝတ္ထုတပုဒ်ပြီးတိုင်း မမေ့နိုင်စရာ ကျန်ရစ်ရမြဲ။

ထိုအချိန်မှာ ကျွန်မ ဝန်ထမ်းဘဝမှ အလုပ်ထွက်ပြီး ကျူရှင်ဆရာမ ဖြစ်နေပါပြီ။ ကလေးများ နေ့ကျောင်းတက်ချိန်မှာ ကျွန်မတို့ ကျူရှင်ဆရာတွေ နားရပါသည်။ ထို့ကြောင့်ပင် ကျွန်မ 'ဝေးလွင့်လိပ်ပြာ' ကို အေးအေးဆေးဆေး ရေးနိုင်ခဲ့ပါသည်။ ထုံးစံအတိုင်း ရေးလိုက်၊ စိတ်တိုင်းမကျလျှင် မပြိုင်တော့ပါဘူး ဖြစ်သွားလိုက်၊


mgyoe.com

mgyoe.com
SAMPLE BOOK


ပြန်ရေးလိုက် ပြန်ဖျက်လိုက်နှင့် ၁၉၉၉ ခုနှစ်မှာ ပြီးလိုက်ပါတော့မယ်ဟု ဆုံးဖြတ်ပြီး ပို့ဖြစ်သွားပါသည်။ ၂၀၀၀ ပြည့်နှစ်မှ ဆုရကြောင်း သိရပါသည်။ ဆုပေးပွဲကိုတော့ မတက်ဖြစ်ခဲ့ပါ။ ဆုကို ဆရာဆူဗိုနင်က သေသေချာချာ ရောက်အောင် ပို့ပေးခဲ့ပါသည်။

ကျွန်မ၏ စာလောဘကလည်း မသေးလှ။ ကျွန်မ ရေးခဲ့သမျှကို ပုံနှိပ်စာလုံးလေးနှင့်ကလည်း မြင်ချင်သေးရဲ့။ အန်တီဒေါ်ကလျာ၏ 'ကလျာမဂ္ဂဇင်း' ကို ပို့ကြည့်လိုက်ပါသည်။ အန်တီကလည်း လိုလိုချင်ချင်ပင် သုံးလဆက် ဖော်ပြပေးခဲ့ပါသည်။

ထိုစဉ်က မှတ်မှတ်ရရ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလထုတ်မှစ၍ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ အထူးထုတ်နှင့် ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလထုတ်အထိ စိတ်ရှည်လက်ရှည် ဖော်ပြပေးခဲ့သည့်အတွက် အန်တီဒေါ်ကလျာနှင့် ကလျာမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ရပါသည်။

ဝေးလွင့်လိပ်ပြာအကြောင်း ပြောလျှင် မပါမဖြစ် ပါရမည့်သူက ကျွန်မတို့၏ မမ သန်းမြင့်အောင်ပါ။ သူက ကျွန်မကို တွေ့လျှင် ထုံးစံအတိုင်း –

"ငါ့ခွေးညီမလေးက စာတအားကို ရေးတာပဲ။ ရေးပြီးသမျှ စုစုစည်းစည်းလေး ဖြစ်အောင် စာအုပ်ကလေးလုပ်။ အဲလိုလုပ်ရင် ညည်းရဲ့ ဝေးလွင့်လိပ်ပြာ သုံးပုဒ်ကို ထည့်ဖြစ်အောင် ထည့်"


mgyoe.com

mgyoe.com SAMPLE BOOK



ဟု ပြောလည်း ပြော၊ ကိုယ်တိုင်လည်း လုပ်ပေးသောကြောင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှာ 'ဝေးလွင့်လိပ်ပြာနှင့် အခန်းဆက်ဝတ္ထုရှည်များ' စာအုပ်အဖြစ် မြင်တွေ့ခဲ့ရပြန်ပါသည်။

၂၀၁၂ မှာတော့ လင်းလွန်းခင်စာအုပ်တိုက်မှ 'အနီတစက် အနက်တရာ' စာရေးဆရာ သုံးယောက်ပေါင်း ဝတ္ထုစာအုပ်ထဲမှာ ဝေးလွင့်လိပ်ပြာကို ထပ်တွေ့ရပြန်ပါသည်။

ထူးခြားမှုကတော့ ထိုစာအုပ်မှာ ကျွန်မနှင့်အတူ ဆုံရသူများသည် ကျွန်မ လွန်စွာပင် ချစ်ခင်နှစ်သက် အားကျလေးစားခဲ့သော မမစမ်းစမ်းနွဲ့၊ ဆရာ သင်းရီတို့နှင့် အတူဖော်ပြခွင့် ရခဲ့ခြင်းအတွက် လင်းလွန်းခင်၏ ပဲ့ကိုင်ရှင် ဆရာဦးသိန်းလွင်ကို အထူးကျေးဇူးတင်ရပါသည်။

ခုတော့၂၀၂၁...။ နှလုံးစိတ်ဝမ်း မသာ...။ ပျော်မွေ့ဖွယ်နတ္ထိ...။ ဘာလုပ်ရမှန်း မသိ။ အနာဂတ်လည်း ပျောက်လုနီးပါ။ ကျွန်မကို အလင်းရောင်ဖြဖြကလေး ပေးသူက ဇလပ်နီစာပေနှင့်အဖွဲ့။ 'ဝေးလွင့်လိပ်ပြာ' ကလေးကို သူ့ချည်း စာအုပ်သန့်သန့်လေး လုပ်ပြီး အမှတ်တရလေး ဖြစ်စေချင်လို့' ဟူသော စကားသံကလေးက ကျွန်မ၏ စိတ်ကို အတော်လေး ပြောင်းလဲစေခဲ့တာ အမှန်ပါ။ ကျွန်မ 'စာတွေ ရေးရမယ်...။ ရေးရမယ်...။ ရေးကို ရေးနေရမယ်' ဟု ပြောလိုက်လေသည်လား။



mgyoe.com

mgyoe.com SAMPLE BOOK


ထိုမှအစ အကြောင်းပြု၍ ကျွန်မ၏ ဝေးလွင့်နေသော စိတ်လိပ်ပြာသည် ကျွန်မ၏ နှလုံးအိမ်ကို ပြန်လည်နားခိုကာ ကျွန်မ၏ ဝါသနာရင်းမြစ် ဖြစ်သော အလုပ်ကို မနေမနား လုပ်ဖြစ်ပါတော့သည်။

ခုတော့ 'ဝေးလွင့်လိပ်ပြာ'ကလေး နားပြန်ပါလေပြီ။

ထိုထိုသော ကျေးဇူးများကို ကျွန်မ၏ စိတ်နှလုံးမှ စိမ့်ယိုသော ရသများဖြင့် ပေးဆပ်နိုင်ပါရစေ။

ချစ်ခြင်းမေတ္တာ များစွာဖြင့်
ဝင်းဝင်းမြင့်(နန်းတော်ရှေ့)


mgyoe.com

mgyoe.com SAMPLE BOOK

# ရင်ခွင်မဲ့လိပ်ပြာ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နူးညံ့သိမ်မွေ့တဲ့ နှလုံးသားတခုပေါ်မှာ လိပ်ပြာကလေး ခိုနားစရာ နေရာရသွားတဲ့အတွက် ကျွန်မရဲ့နှုတ်ခမ်းပေါ်မှာ ပြုံးမြမြ အလှပန်းတွေ ဖူးပွင့်နေပါလိမ့်မယ်။ လှိုက်မောရှက်ရွံ့ရင်ခုန်သံတွေကလည်း စည်းချက်မမှန်သေးတဲ့ စမ်းသပ်ဂီတသံစဉ်ကလေးတွေလိုပါပဲ။

ရွှန်းလဲ့လဲ့ မျက်ဝန်းအစုံကို အတတ်နိုင်ဆုံး သိုဝှက်ထားရပေမယ့် တဖျပ်ဖျပ် ခါနေတဲ့ လိပ်ပြာငယ်လေးရဲ့ တောင်ပံပေါ်မှာ စာလုံးကလေးတွေ ရှပ်တိုက်ပြေးနေဦးမှာ။

ဇေလဝ်နီတာဇေပ

mgyoe.com

mgyoe.com SAMPLE BOOK



✦ ဟိုတယောက်

သိရဲ့လား...။

✦ မရဲတရဲ လိပ်ပြာကလေး

မင်း ရှိရာ

လာလေရဲ့...။

✦ သစ္စာပန်းများ

လန်းပါစ...။

✦ ချစ်ခြင်းတခုတည်းဖြင့်

မနားလိုပြီ...

မြတ်နိုးဖွယ် မေတ္တာရိပ်မှာ

သစ္စာ လွှမ်းခြုံ

သစ္စာ...။

"ဖင်ရယ် နင် စိတ်ကူးယဉ်ချင်သလောက် ယဉ်စမ်းပါ။ တချိန် နင့်စိတ်ကူးနဲ့ တည့်တဲ့လူဟာ ငါပဲ ဖြစ်ရမယ်။ ငါကတော့ နင့်လို စိတ်ကူးနုနုတွေ မကူးတတ်ဘူး။ ငါ နင့်ကို ချစ်တာ တခုပဲ သိတယ်။ အရေးကြီးဆုံးက နင်ကလဲ ငါ့ကို ပြန်ချစ်ဖို့၊ ငါ နင့်ကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သိတယ်ဟုတ်။ ငါက လွဲပြီး တယောက်ယောက် ဆိုရင် တွေ့လား ဒီမှာ... ပွဲကြမ်းသွားမယ်"

လက်ဝါးပြင် ကျယ်ကျယ်ကြီးကို လက်သီးဆုပ်ပြီး သူနဲ့



mgyoe.com

mgyoe.com
SAMPLE BOOK


ပြိုင်ဖက် ဖြစ်လာမယ့် လူတယောက်ကို ဘယ်လိုတွေ ထိုးသတ်ပစ်မယ် ဆိုပြီး လက်ဝှေ့ရေး ပြသတဲ့။ ဒါ... အသက်အငယ်ဆုံးနဲ့ စိန်ခေါ်ပွဲ တိုင်းမှာ ဗိုလ်စွဲခဲ့တဲ့ လက်ဝှေ့သမား 'ထက်အာကာ' ရဲ့ လက်သီးကြီး လား။ ငါ့အတွက် နင့်လက်သီးဟာ လက်နက်မဖြစ်စေရပါဘူး အာကာ။ ဘယ်သူတွေပေါ်မှာ ဘယ်လောက်ပဲ ကြမ်းတမ်းခက်ထန်ပေမယ့် မြသဇင်ပေါ်မှာ ညှာတာခဲ့တာ၊ အလိုလိုက်ခဲ့တာ၊ ချစ်ခဲ့တာ နင့်ထက် ငါ ပိုသိပါတယ်။

'ဒါပေမဲ့ အသက်ထက်ဆုံး ငါ့တယောက်တည်းကိုပဲ ချစ်ပါမယ် ဆိုတဲ့ သစ္စာတရားကိုသာ ငါလိုချင်တာ' လို့ ကျွန်မ အခါခါ ပြောခဲ့ဖူးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

စက္ကန့်အနည်းငယ်မျှသာ ကြာလိုက်သလိုပါပဲ။ သတိတရား များ ကင်းကွာသွားလိုက်ပုံက...။ စိတ်လိပ်ပြာတောင် လွင့်စဉ်သွား မတတ်။ ပြန်လည်ရှင်သန်လာတဲ့ ဝင်သက်မှာ ကြောက်ရွံ့ ထိတ်လန့်၊ စိုးရိမ်...။ အို... ကျွန်မ အိပ်မက် မက်နေတာပဲ ဖြစ်လိုက်ပါတော့။

"ဒါဆိုရင် ကျွန်မရဲ့သွေးထဲမှာ တကယ်ပဲ HIV ပိုးတွေ ရှိနေ ပြီပေါ့။ အံ့ဩစရာ ကောင်းလိုက်တာ။ လုံးဝ မျှော်လင့်မထားမိဘူး ဆရာ"



mgyoe.com

mgyoe.com
SAMPLE BOOK


"ဒီလိုပါပဲဗျာ။ တခါတလေမှာ မျှော်လင့်မထားတာတွေ ကြုံရတတ်ပါတယ်"

ဆရာ့အသံက တည်ငြိမ်အေးချမ်းလှပါတယ်။ ကျွန်မကိုယ်တိုင်က ရဲရဲဝံ့ဝံ့ ဆေးစစ်ချင်ပါတယ်လို့ ဆန္ဒပြခဲ့ပေမယ့် ဆရာက အဖြေရလို့ မနှစ်သက်နိုင်မယ့် အဖြေမျိုး ဖြစ်ခဲ့ရင် စိတ်ကို အေးအေးချမ်းချမ်း ထားပြီး လက်ခံဖို့ ဆွေးနွေးပြီးသားပါ။ ကျွန်မကိုယ်ကျွန်မ ယုံခဲ့တယ်။ အဖြေယူဖို့ လာတဲ့ လမ်းမှာတောင် အတိတ်က စိတ်လိပ်ပြာလေး လှလှပပ ကခုန်ခဲ့သေးတာပဲ။

ဆရာ့ရဲ့ နှစ်သိမ့်စကားတွေကို မကြားတချက် ကြားတချက် ပူလောင်လိုက်တာ။ အလျှံတညီးညီး တောက်လောင်နေတဲ့ သောကမီးညွန့်က ချစ်သူခင်ပွန်းသည်ရဲ့ ဂုဏ်သိက္ခာကို စွဲငြိတော့မယ်။ မျက်ရည်တွေ အလိုလို လျှံကျလာပြီး ခေါင်းကိုသာ အတွင်တွင် ခါယမ်းရင်း လက်မခံနိုင်ပါဘူး... လက်မခံနိုင်ပါဘူး။

ကျွန်မရဲ့ သွေးထဲကို ဖျက်ဆီးဖို့ ရောက်လာခဲ့ကြတဲ့ HIV ပိုးတွေဟာ 'ကျွန်မရဲ့ ခင်ပွန်းကြောင့် ဟုတ်ချင်မှလဲ ဟုတ်မှာပါလေ' လို့ ဆရာက တွေးတွေးဆဆ ပြောပေမယ့် ကျွန်မ လုံးဝ လက်မခံနိုင်ဘူး။ မသန့်ရှင်းတဲ့ ဆေးထိုးအပ်ကြောင့်လည်း လုံးဝ မဖြစ်နိုင်ဘူး။ ကျွန်မရဲ့ ဆရာဝန်မ ဒေါက်တာအေးလင်းအောင် ဆိုတာ အလွန်သေချာတိကျပြီး စည်းကမ်းအတိုင်း အစဉ်အမြဲ လိုက်နာဆောင်ရွက်


mgyoe.com

mgyoe.com
SAMPLE BOOK


တတ်တဲ့သူ။ ကျွန်မရဲ့ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်။ တခါသုံး ဆေးထိုးအပ်တွေ မပေါ်ခင်တုန်းကလည်း အပ်ကို လုံလောက်တဲ့ အချိန်အတိုင်း ပြုတ်တတ်တာကို ဂရုစိုက်တတ်တဲ့ ဆရာဝန်။ တခါသုံး အပ် ပေါ်ပြန်တော့လည်း အစောဆုံး စပြီး သုံးတဲ့သူ။

နောက် မူးယစ်ဆေးနဲ့ ကျွန်မ ဘယ်လိုမှ မပတ်သက်ခဲ့ဖူးတာ ဘယ်သူမှ သက်သေပြဖို့ မလိုပါဘူး။ ရောဂါပိုးပါတဲ့ သွေးကို သွင်းမိတာ လည်း မဟုတ်နိုင်ဘူး။

ကျွန်မ သွေးသွင်းတဲ့ ကုသမှုကိုတော့ ခံယူဖူးပါတယ်။ ဒါပေမဲ့ ကျွန်မယူတဲ့ သွေးရှင်က ကျွန်မနဲ့ တအိမ်တည်း နေတဲ့ ကျွန်မရဲ့ မွေးစားသမီးကလေးဆီကပါ။

ကဲ... တနည်းပဲ ကျန်တယ်နော်။

'သူ' ဆီကပဲ ဖြစ်ရမယ်။ ကျွန်မ လောင်ကျွမ်းဆွေးမြည့်ရ ပါတယ်။

"ဒီကိစ္စ... ဘယ်သူ့ကို အသိပေးမလဲ ဒေါ်မြသဇင်"

လို့ ဆရာက မေးတော့ ကျွန်မ ဆရာ့ကို ငေးကြည့်ပြီး နှုတ်ဆွံ့အနေမိတာ။ ခေါင်းယမ်းမိပြန်တယ်။

"ကျွန်မ သေသွားတဲ့ တနေ့မှာ သူ့ကို အသိပေးချင်တယ်။ ကျွန်မ သူ့ကြောင့် သေရပါတယ် ဆိုတဲ့အကြောင်း"

"ဟာ... မဟုတ်သေးဘူး ဒေါ်မြသဇင်"


mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာက ကျွန်မကို စကားတွေ အကြာကြီး ပြောပြန်ပါတယ်။ နှစ်သိမ့်ပညာပေး ဆွေးနွေးနေပြီ ဆိုတာ သိလိုက်ပါတယ်။ ကျွန်မ ဆရာ့ကို အားနာလာတဲ့အထိ။ ကျွန်မ စိတ်လျှော့လိုက်ပါတယ်။ အသင့်တော်ဆုံးဖြစ်တဲ့ သူငယ်ချင်းဆရာဝန်မကို ဆရာ ဖုန်းဆက်ခေါ်ပေးတာ လက်ခံလိုက်တယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"နင်ကလဲ ခေါင်းမာလိုက်တာ မြသဇင်ရယ်"

မလင်းတယောက် ကျွန်မကို ညည်းညည်းညူညူ ဝေဖန်တယ်။

"နင်က အပျိုစင်မို့ ပြောမထွက်ဘူး မလင်းရယ်။ ငါတို့ အိမ်ထောင်သည်တွေမှ သိတဲ့၊ နားလည်နိုင်တဲ့ ကိစ္စတွေ ရှိသေးတယ်။ ငါ နင့်ကို ပြောမထွက်ဘူး။ နင်က ဆရာဝန်ပေမယ့် အားနာတယ်"

မလင်းက တွေတွေလေး ငြိမ်နေတယ်။ ကျွန်မလည်း တွေဝေ ငေးမောရတယ်။ ကျွန်မနဲ့ သူနဲ့ ကိစ္စတခုကြောင့် အကြီးအကျယ်



mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရဖူးတယ်။ သူ နိုင်ငံခြားက ပြန်လာခါစ ကပေါ့။ သူ ကျွန်မကို ပစ္စည်းတခု ပြတယ်။ 'ကွန်ဒုံး' လို့ ခေါ်တဲ့ အကာအကွယ်ပစ္စည်းလေ။

"အာကာ ဒါ မြန်မာပြည်နော်။ နိုင်ငံခြားကို နှစ်နှစ်လောက် နေခဲ့ရုံနဲ့ ဖောက်ပြန်မလာနဲ့။ ငါ့ကို အရှက်မရှိတဲ့မိန်းမ မှတ်နေသလား"

ဆိုပြီး ဒေါသတွေ ဖြစ်လိုက်တာ။

"မဟုတ်ဘူးလေ ဇင်ရဲ့။ ဒီပစ္စည်းရဲ့ သဘောက..."

"တော်ပြီ... တော်ပြီ... နင်... ငါ့ကို မစော်ကားနဲ့"

ကျွန်မ သူ့ကို တကယ်ပဲ စိတ်ဆိုးခဲ့တယ်။ သူ နိုင်ငံခြား မသွားခင်က ကျွန်မကို တတွတ်တွတ် ပြောသွားတဲ့ သစ္စာထားစကားတွေ ဘယ်ရောက်ကုန်ပြီလဲ။ ကျွန်မရဲ့ ချင်ခြင်းတပ်ဆုံး အာဟာရက 'သစ္စာ' ဆိုတာ သိရဲ့သားနဲ့။ ကျွန်မ သူ့ကို ယုံခဲ့တာဟာ သူ့ဘဝနဲ့ သူ့စိတ်ကို နားလည်ခဲ့လို့။ သူ့ရဲ့ ပြတ်သားနိုင်မှုကို စိတ်တိုင်းကျလို့ပါ။

အာကာ့မှာ အဖေ မရှိပါဘူး။ အာကာ့အမေက ရပ်ကွက်ထဲမှာ သိပ်မျက်နှာမရှိလှတဲ့ သိမ်သိမ်ငယ်ငယ် အမျိုးသမီးတယောက် ဖြစ်ပါတယ်။ ဝုံ့ဝုံ့စားစား သွားသွားလာလာ မရှိပေမယ့် လွယ်အိတ် ကလေးတွေ တနေကုန် ထိုင်ရက်နေတတ်ပြီး သူများအကူအညီ လိုရင်လည်း ပေးဖို့ ဝန်မလေးတတ်တော့ မေမေနဲ့ ရင်းနှီးပါတယ်။ အာကာတို့အိမ်နဲ့ ကျွန်မတို့အိမ်က ကပ်လျက်ပါ။ ရှစ်တန်းလောက်


mgyoe.com

mgyoe.com


အထိတော့ အာကာနဲ့ သိပ်မရင်းနှီးလှပေမယ့် ကိုးတန်းကျောင်းတက်တဲ့ အခါ အိမ်နဲ့ဝေးလှတဲ့ အထက်တန်းကျောင်းကြီးကို သွားရတော့ ကျွန်မ အာကာ့ကို အဖော်လုပ်ရပါတယ်။

မသိသေးရင် စကားနည်းလှပြီး တဖြည်းဖြည်း ရင်းနှီးလာပြီ ဆိုရင်တော့ ရေပက်မဝင် ပြောတတ်တဲ့သူပါ။ စကားကို ပြတ်ပြတ် ပြောတတ်ပြီး အားနာမှု ဆိုတာ လုံးဝ မရှိတဲ့သူလေ။ ကျောင်းမှာလည်း ရွယ်တူသူငယ်ချင်းတွေနဲ့ ပေါင်းခဲလှပြီး မျက်နှာထား တင်းတင်း၊ စာအုပ် လက်က မချတတ်တဲ့ စာကြည့်တိုက်က ဆရာကြီးနဲ့မှ အပေါင်းအသင်း ဖြစ်လှတဲ့သူပေါ့။

ကျွန်မတော့ အာကာ့ကို အထင်ကြီးပါတယ်။ ကျွန်မ မဖတ်ဖူးတဲ့စာတွေ သူ ဖတ်တယ်။ ကျွန်မ နားမလည်တဲ့ စာတွေ သူ ကျွမ်းတယ်။ ကျွန်မကိုတော့ လေးလွန်းလို့၊ ထိုင်းလွန်းလို့ ဆိုပြီး တပူပူ တဆူဆူနဲ့ပဲ ကျွန်မကို ဖေးမကူညီခဲ့တယ်။ သူဟာ ကျွန်မအတွက် အံ့သြစရာ မင်းသားတပါးပါ။

တနေ့...။

ရှုံ့ရှုံ့ရှားရှား ဒေါသတွေကြီးပြီး မျက်နှာတွေ နီလို့။ သူ့ အဖေ ဆိုတဲ့လူက သူ့အမေကို လာတွေ့လို့တဲ့လေ။ အဲဒီ နောက်ပိုင်း ပိုပြီးမှုန်တေလာတယ်။ သွေးဆူလွယ်လာတယ်။ အံ့သြစရာ အကောင်း ဆုံးက သူ့ကို လက်ဖွဲ့ပွဲမှာ ယှဉ်ပြိုင်သူအဖြစ် ထိုးသတ်နေတာ


mgyoe.com

mgyoe.com
SAMPLE BOOK


တွေ့လိုက်ရလို့ပေါ့။ ကျွန်မ ငိုလိုက်ရတာ။ ဒီလို ကြမ်းကြမ်းရမ်းရမ်းကြီး မဖြစ်စေချင်ပါဘူး။

'စည်းပိုင်းထဲမှာ သတ္တိပြတဲ့ ကိစ္စမှန်ရင် ငါ စိတ်ဝင်စားတယ်' တဲ့။

'လက်သီးပုန်းနဲ့ ဒူးပြန်၊ နဖူးခံရင် ဟက်တက်ကွဲသွားမယ်' ဆိုတဲ့ စိန်ခေါ်သံတွေကို သူ့ဆီက ကြားရလေ ကျွန်မ ရင်တုန်လေပါ။ ကျွန်မ သူ့ကို ဘာကြောင့်မှ မနာစေချင်ဘူး။

အဲဒီ သံယောဇဉ်တွေနဲ့ပဲ ကျွန်မတို့ တက္ကသိုလ်ရောက်သွားတဲ့ အခါ ချစ်သူတွေ ဖြစ်သွားကြပါတယ်။ သူက ကျွန်မကို သိမ်မွေ့တဲ့ ချစ်ခြင်းမေတ္တာတွေ ပေးစွမ်းနိုင်လှပါတယ်။ ကျွန်မကတော့ သူ့ဆီက သစ္စာတရားကိုသာ တမ်းတမ်းတတ တောင်းခံခဲ့တာ ကြာတော့ သူက ကျွန်မကို သစ္စာတရားနဲ့ ပတ်သက်ပြီး ရင်ထဲမှာ ရှိတဲ့တိုင်း အပွင့် လင်းဆုံး ပြောပြခဲ့တယ်။

"နင်လဲ ငါ့အကြောင်းကို သိသားပဲ။ လူတယောက်ရဲ့ သစ္စာ မဲ့တဲ့ အမှုကိစ္စကြောင့် မတော်တဆ လူဖြစ်လာရတဲ့ ငါလိုကောင်က သစ္စာမရှိတဲ့ လူဆို အဖေတောင် ခွင့်လွှတ်ချင်တာမှ မဟုတ်ဘဲ။ ငါ သစ္စာမဲ့မလား" တဲ့။

သူ့စာအုပ်စင်မှာ အမြတ်တနိုး သိမ်းထားတဲ့ ဆရာ ဇန်းမော် တင်အောင်ရဲ့ ဂျက်လန်ဒန် သူ့ဘဝ သူ့စာပေ စာအုပ်ထဲမှာ သူ သဘော


mgyoe.com